# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 29 , 2025 Volume 97 , Number 18


၂၉-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၃.၂၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၄.၀၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၂.၆၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၈.၅၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကော့သောင်းဒေသရှိ ရေတံခွန်ခြံနှင့် မလိဝမ်းခြံတို့တွင် ဆီအုန်းစိုက်ဧက ၁၀၀ စိုက်ပျိုးမည်



ပြည်တွင်းရှိ စားသုံးဆီလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန်နှင့် ပြည်ပမှဝယ်ယူတင်သွင်းနေရသည့် စားသုံးဆီပမာဏကို အထိုက်အလျောက်လျှော့ချနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ရေတံခွန်ခြံနှင့် မလိဝမ်းခြံတို့၌ လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆီအုန်းစိုက်ဧက ၁၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရပါတယ်။

"လာမဲ့ ၂၀၂၆ ခုနှစ် မိုးရာသီကနေ စပြီးစိုက်ပျိုးသွားမယ်။ လက်ရှိမှာလည်း ဆီအုန်းသီးနှံစိုက်ဧက ၁၀၀ အတွက် ပြည်ပကတင်သွင်းထားတဲ့မျိုးနဲ့ ပြည်တွင်းက စပ်မျိုး နှစ်မျိုးလုံးကို ယှဉ်ပြိုင်စမ်းသပ်သုတေသနပြုနေပါတယ်။ ဘယ်မျိုးက ကော့သောင်းမြို့ရဲ့ ရာသီဥတုရေမြေဒေသနဲ့ပိုကိုက်ညီမလဲ၊ အထွက်ကောင်းဖြစ်မလဲဆိုတာရယ်ကို စမ်းသပ်သုတေသနပြုနေပါတယ်"လို့အဆိုပါဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားထားပါတယ်။

ဆီအုန်းသီးနှံပင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေး ဦးစီးဌာနပိုင် ခြံများအတွင်း ဧရိယာ ၂၈၇ ဒသမ ၆၅ ဧကတွင် သုတေသနလုပ်ငန်းများကို စီမံဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။

ကုန်ခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ဌာနပိုင်ခြံများမှ စိုက်ပျိုးသည့် ဆီအုန်းသီးနှံဧရိယာမှာ ၁၀,၀၆၉ ဒသမ ၈၆ ဧကရှိခဲ့ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များမှ စိုက်ပျိုးသည့် ဧရိယာမှာ ၃၈၅,၉၂၁ ဒသမ ၁၄ ဧကရှိကာ ထိုသို့စိုက်ပျိုးမှုမှတစ်ဆင့် ဆီချောတန်ချိန်ပမာဏ ၃၇,၄၁၆ ဒသမ ၇၆ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒါ့ပြင် ဆီအုန်းသီးနှံမှ အခြားနည်းသုံး(ဆပ်ပြာကုန်ကြမ်းဆီ)အဖြစ် ၁၀,၆၆၂ ဒသမ ၀၉ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

ဆီအုန်းသီးနှံမှာ နှစ်ရှည်စိုက်ပျိုးရသည့်သီးနှံပင်အမျိုးအစားဖြစ်ကာ အပင်သက်တမ်း ၅ နှစ်ပြည့်ချိန်မှစတင်ကာ စီးပွားဖြစ်ခူးဆွတ်၍ ဆီထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ဆီအုန်းသီးနှံ အများဆုံးထွက်ရှိချိန်သည် နှစ်စဉ် မေလနှင့်ဇွန်လများဖြစ်ကြောင်းနှင့်

ပြည်တွင်းမှာ ဆီအုန်းသီးနှံကို တနင်္သာရီတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးကြောင်း သိရပါတယ်။

**Source :Myanmar Future News Agency**

## နှစ်ကုန်ပိုင်း ပိတ်ရက်များကြောင့် ပဲ၊ နှမ်းဈေးကွက် ဈေးမြင့်တက်ခြင်းမရှိသော်လည်း ငွေလက်ငင်းပေးချေမှုဖြင့်သာ အရောင်းအဝယ်ရှိနေ



နှစ်ကုန်ပိုင်း ပိတ်ရက်များကြောင့် ပဲ၊နှမ်းဈေးကွက်တွင် ပို့ကုန်ပဲများ ဈေးမြင့်တက်ခြင်း မရှိသော်လည်း ငွေလက်ငင်းပေးမှုဖြင့်သာ အရောင်းအဝယ်ရှိကြောင်း ကုန်သည်များထံက သိရသည်။

ဒီဇင်ဘာနှစ်ကုန်ပိတ်ရက်များအတွင်းပဲ၊နှမ်းဈေးကွက်မှာ ဈေးမြင့်တက်နိုင်ခြင်းမရှိဘဲ ငွေလက်ငင်းရောင်းဝယ်မှုသာအရောင်းအဝယ်ဖြစ်နေခြင်းဖြစ်သည်။

နှစ်ကုန်ပိုင်း ဘဏ်ပိတ်ရက်များကြောင့် ဈေးကွက်အတွင်း ပို့ကုန်ပဲများ ဈေးမြင့်တက်နိုင်ခြင်းမရှိဘဲ အရောင်းအဝယ် ပုံမှန်သာရှိနေကြောင်း၊ ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးအနည်းငယ် ပြန်လည်ကျဆင်းသလို အသစ်ဝင် ပဲသစ်များဖြစ်သည့် ပဲလွန်းပြာနှင့် ပဲထောပတ်တို့မှာ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် သုံးသိန်း အောက်ခံဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

"ဒီဇင်ဘာလကုန်ပိုင်း ပိတ်ရက်တွေများတော့ ဘဏ်ပိတ်ရက်တွေများပါတယ်။ ဒီတော့ ပဲ၊နှမ်းဈေးကွက်မှာ ငွေပေးငွေချေ ကြန့်ကြာမှုရှိတော့ အရောင်းအဝယ်က သိပ်မဖြစ်ဘူး။ငွေလက်ငင်းပေးချေမှု အရောင်းအဝယ်သာဖြစ်ပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးမြင့်တက်မှုမျိုးမရှိဘဲ အရောင်းပုံမှန်ဖြစ်နေပါတယ်။ ပဲစင်းငုံကတော့ ဈေးအနည်းငယ်သွက်လာပါတယ်။ ပဲအသစ် ပဲလွန်းပြာ၊ ပဲလွန်းဝါ၊ ပဲထောပတ်တွေကတော့ ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာပါတယ်။ မြေပဲဆန်နဲ့နှမ်းမျိုးစုံကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်"ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံပိဿာ ၆ဝ တစ်အိတ်လျှင် ငွေကျပ် ၂၄ဝ,ဝဝဝ၊ မတ်ပဲ ပိဿာ ၆ဝ တစ်အိတ်လျှင် ငွေကျပ် ၂၅၅,ဝဝဝ၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၂၅,ဝဝဝ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၃,ဝဝဝ၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၃,ဝဝဝ၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂ဝ,ဝဝဝ၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃ဝ,ဝဝဝ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၂၄ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၆ဝဝ,ဝဝဝ၊ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၇၅ဝ,ဝဝဝ၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင်ငွေကျပ် ၅ဝဝ,ဝဝဝ၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၅ဝ,ဝဝဝ၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇ဝ,ဝဝဝ၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၂ဝ,ဝဝဝ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၂၄ ရက်တွင် နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၂ဝ,ဝဝဝ၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၅,ဝဝဝ၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅,ဝဝဝ၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈ဝ,ဝဝဝ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၆ဝဝ -၈၇ဝဝ၊ မြေပဲဆီ တစ်ပိဿာလျှင်ငွေကျပ် ၁၃,၅ဝဝ၊ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇ဝဝဝ -၇ဝ၅ဝ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မြန်မာ့ပျားရည်ကို ဂျပန်နှင့်ထိုင်းအများဆုံးဝယ် တန်ချိန် ၈ဝဝ ကျော်အထိ တင်ပို့ထား

ပြည်တွင်းမှ ထွက်ရှိတဲ့ပျားရည်ကို ဂျပန်နိုင်ငံနဲ့ထိုင်းနိုင်ငံကို အများဆုံးတင်ပို့ထားနိုင်ကြောင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲကနေ သိရပါတယ်။

ပျားရည်ကို ပြည်တွင်းမှာစားသုံးခြင်းနဲ့ဆေးဝါးထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ အသုံးပြုလျက်ရှိတဲ့အပြင် နှစ်စဉ် ပြည်ပနိုင်ငံတွေကိုလည်း တင်ပို့နေတယ်လို့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်က ပြောပါတယ်။



ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ရှစ်လတာ ကာလအတွင်း ပျားရည်မက်ထရစ်တန် ၈၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အများစုကို ပုံမှန်ကုန်သွယ်ရေးဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေ တင်ပို့ခဲ့တာပါ။

“ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းက ၈၃၆ ဒသမ ၉၅ တန်နဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ၁ ဒသမ၂၉ တန် တင်ပို့ခဲ့ပါတယ်။ ရှစ်လတာကာလအတွင်း ပျားရည်စုစုပေါင်း မက်ထရစ်တန် ၈၃၈ ဒသမ၂၄ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၇ သန်း ရရှိခဲ့ပါတယ်”လို့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်က ဆိုပါတယ်။

ပြည်တွင်းမှာ မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ ပျားရည်အများဆုံးထွက်ရှိပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာလည်း အနည်းငယ် ထွက်ရှိပါတယ်။

ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းပေါင်းစုံပျားရည်၊ ရော်ဘာပျားရည်နဲ့ နှမ်းပျားရည်တို့ထွက်ရှိပြီး အဆိုပါပျားရည်တွေကို သက်ဆိုင်ရာသီးနှံတွေ စိုက်ပျိုးတဲ့ ရာသီအလိုက် စုဆောင်းရရှိခြင်းဖြစ်တယ်လို့ သိရပါတယ်။

**Source: BETV Business**

## သံရည်ကျို၊ သံနန်းဆွဲလုပ်ငန်းရှင်များ နည်းပညာပိုင်းလိုအပ်ပါက ပံ့ပိုးကူညီပေးမည်



သံရည်ကျို၊ သံနန်းဆွဲလုပ်ငန်းရှင်များ နည်းပညာပိုင်းလိုအပ်ပါက ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးငလျင်ကြီးဖြစ်ပွားပြီးနောက် ဆက်လက်လည်ပတ်နေသည့် သံရည်ကျို၊ သံနန်းဆွဲစက်ရုံများမှ ထုတ်လုပ်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများက လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့် ထုတ်လုပ်သင့်ကြောင်း အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ငလျင်ပြီးနောက် လည်ပတ်နေတဲ့စက်ရုံရှိပါတယ်။ အဲဒီနောက်စက်မှုကြီးကြပ်က ဦးဆောင်ပြီးတော့ ကွင်းဆင်းပြီး ကြည့်ရှုကြတယ်။ ကြည့်ရှုတဲ့အချိန် စံချိန်စံနှုန်းနဲ့ ကိုက်ညီလားဆိုတာထက် လက်ရှိအနေအထားက ဘယ်လိုလဲ၊ ကျွန်တော်တို့ဘက်က ပံ့ပိုးမှု ဘယ်လိုလုပ်ပေးရမလဲဆိုတာ ကွင်းဆင်းတယ်။ အခုပြန်လည်တည်ထောင်ရေးတွေ စတဲ့အချိန်မှာ အထပ်မြင့်တွေ ဆောက်ရင်သော်လည်းကောင်း အဓိကကတော့ လူနေအဆောက်အအုံတွေဆောက်တဲ့အချိန်မှာ ကျွန်တော်တို့နဲ့ တစ်ခန်းတစ်ကဏ္ဍသက်ဆိုင်တဲ့ သံချောင်းလုံးတွေနဲ့ပတ်သက်ရင်တော့ စံချိန်စံနှုန်းတွေကို လိုက်နာသင့်ပါတယ်ဆိုပြီး အသိပညာတွေ ပေးခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင်လည်း သံ၊ သံမဏိ၏ အရည်အသွေး၊ စံသတ်မှတ်ချက်များနှင့်ပတ်သက်၍ နည်းပညာများ ဖြန့်ဝေပေးမှုများ၊ သင်ကြားပေးမှုများဆောင်ရွက်နေကာ စက်မှုဇုန်အလိုက်သော်လည်းကောင်း၊ လုပ်ငန်းရှင်တစ်ဦးချင်းစီအလိုက်သော်လည်းကောင်း နည်းပညာလိုအပ်ပါကပံ့ပိုးကူညီမှုများဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

" အခုဆိုရင် စက်မှုဇုန်တွေက ASTM A615 နဲ့ပတ်သက်တဲ့စာအုပ်တွေကို ထုတ်ဝေဖြန့်ချိတာတွေလုပ်နေတယ်။ size ဆိုရင် ဘယ်လိုရှိရမယ်ဆိုတာ အတတ်နိုင်ဆုံးနည်းပညာဖြန့်ဝေတာတွေလည်း လုပ်ခဲ့ပါတယ်။သံရည်ကျိုလုပ်ငန်းတွေ ဆိုရင်လည်း ပဲခူးတိုင်းဒေသကြီးထဲမှာ ကိုယ်တိုင်သွားသင်တာတွေ လုပ်ခဲ့ပါတယ်။ SME နဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာလည်း သင်ခဲ့ပါတယ်။ နောက်လည်းလိုအပ်တဲ့လူရှိရင် စက်မှုန်ဇုန်အလိုက်ပဲဖြစ်ဖြစ်တစ်ဦးချင်းပုဂ္ဂိုလ်ချင်းအလိုက်ပဲဖြစ်ဖြစ် နည်းပညာပိုင်းလိုအပ်ချက်ရှိရင်ဆက်ပြီးတော့လည်းနည်းပညာပိုင်းပံ့ပိုးကူညီမှုတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု၎င်းကဆက်ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် သံရည်ကျို၊ သံနန်းဆွဲစက်ရုံစုစုပေါင်း ၂၀ ရှိကာ မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် အဆိုပါစက်ရုံများအနက် ဝယ်လိုအားနည်းပါးမှု၊ လုပ်သားရှားပါးမှု ၊ လျှပ်စစ်မီးမရရှိမှုကဲ့သို့သော အခက်အခဲအချို့ကြောင့် လက်ရှိတွင် အသေးစား စက်ရုံ (၆၀)ခန့် ရပ်တန့်နေကြောင်း သိရသည်။

**Source :** https://npnewsmm.com/

## မိတ္ထီလာပေါက်ချောင်းဈေးတွင် ထောပတ်သီးဈေးနှုန်းအနည်းငယ်ကျဆင်း



မိတ္ထီလာမြို့ပေါ်ရှိ ပေါက်ချောင်းဈေးထဲတွင် ထောပတ်သီးများကို စက်တင်ဘာလအစမှ စတင်ရောင်းချခဲ့ရာ ယခုဒီဇင်ဘာလတွင် ထောပတ်သီးအဝင်များပြားလာသဖြင့် ထောပတ်သီးဈေးနှုန်းမှာ အနည်းငယ်ကျဆင်းလျက်ရှိကြောင်းသိရသည်။

ထောပတ်သီးများကို ပြင်ဦးလွင်၊ တောင်ကြီး၊ ကလောဘက်များမှ အများဆုံးဝင်ကြောင်းသိရသည်။

ယခင် နိုဝင်ဘာလတွင် ထောပတ်သီးများကို အကြီးတစ်လုံးလျှင် ၈၀၀-၉၀၀ ကျပ်၊ အသေးတစ်လုံးလျှင် ၅၀၀-၆၀၀ ကျပ် အသီးသီးရောင်းချခဲ့ကြပြီး ယခုဒီဇင်ဘာလတွင် ထောပတ်သီးအဝင်များလာသောကြောင့် အလုံးကြီးတစ်လုံးလျှင် ၄၀၀-၅၀၀ ကျပ်၊ အသေးတစ်လုံးလျှင် ၃၀၀ ကျပ်ဟူ၍ ထောပတ်သီးဈေး အနည်းငယ်ကျဆင်းကြောင်း ရောင်းချသူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

## ၂၀၂၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီတင်ပို့မှုများကျဆင်း



အိန္ဒိယနိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် ကြက်သွန်နီတင်ပို့မှုများသည် ရူပီး ၁၁၀၀ ကုဋေကျော်ခန့် ကျဆင်းခဲ့ပြီး အဆိုပါကျဆင်းမှုများသည် အစိုးရ၏ ကန့်သတ်ချက်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ အဓိကဈေးကွက်များမှ ဝယ်လိုအားကျဆင်းလာမှုနှင့် အိမ်နီးချင်းနိုင်ငံများမှ ပြိုင်ဆိုင်မှုများ ပြင်းထန်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျဆင်းမှုကြောင့် ကြက်သွန်နီစိုက်ပျိုးသော လယ်သမားများသည် ငွေရေးကြေးရေးဆိုင်ရာဖိအားများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ကုန်သည်များက တင်ပို့မှုများသည် တင်ပို့မှုအခွန်မြင့်မားခြင်း၊ ပြိုင်ဘက်နိုင်ငံများမှ ပြည်တွင်းထုတ်လုပ်မှုအားကောင်းလာခြင်း၊ ငွေကြေးအတက်အကျများ၏ ကန့်သတ်ခြင်းခံနေရကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကြက်သွန်နီတင်ပို့မှုမှ ဝင်ငွေရူပီး ၄၅၀၀ ကုဋေခန့်ရရှိခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုမှဝင်ငွေ ရူပီး ၁၇၀၀ ကုဋေခန့်ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၎င်း၏ ပြည်တွင်းဈေးကွက်ကို အထောက်အပံ့ပေးရန်အတွက် ကြက်သွန်နီတင်သွင်းခြင်းရပ်ဆိုင်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီတင်သွင်းမှုမှ ဝင်ငွေ ရူပီး ၃၁၀၀ ကုဋေခန့်သာရရှိခဲ့ကြောင်း သိရသည်။

ကန့်သတ်မှုများမပြုလုပ်ခင် ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကြက်သွန်နီတန်ချိန် ၂ ဒသမ ၅ သန်းတန်ခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

ကြက်သွန်နီတင်ပို့သူများ အဖွဲ့အစည်းမှ ဒုဥက္ကဌဆိုသူ Vikas Singh က အိန္ဒိယနိုင်ငံသည် နှစ်စဉ်ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အင်ဒိုနီးရှားနိုင်ငံများသို့ ကြက်သွန်နီတန်ချိန် ၂၅ သိန်းမှ ၂၈ သိန်းအထိ တင်ပို့လျက်ရှိပြီး ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်တွင် ၁၅ သိန်းခန့်သာ တင်ပို့နိုင်ခဲ့ကြောင်းပြောကြားခဲ့သည်။

အဆိုပါအဖွဲ့အစည်းက အိန္ဒိယနိုင်ငံအစိုးရအား တင်သွင်းမှုများမြှင့်တင်ရန် တွန်းအားပေးလျက်ရှိကြောင်း သိရသည်။

**Source: Fresh Plaza   DOCA (ရန်ကုန်)**

## ထိုင်းရော်ဘာလုပ်ငန်း ရေဘေးကြောင့် ဘတ် ၄ ဒသမ ၅ ဘီလီယံ ဆုံးရှုံးနိုင်



ကမ္ဘာ့အကြီးဆုံး ရော်ဘာထုတ်လုပ်သူဖြစ်သည့် ထိုင်းနိုင်ငံတွင် ပြင်းထန်သော ရေကြီးမှုများကြောင့် ရော်ဘာထုတ်လုပ်မှု တန်ချိန် ၉၀,၀၀၀ အထိ ကျဆင်းခဲ့ပြီး ဘတ် ၄ ဒသမ ၅ ဘီလီယံ (ဒေါ်လာ သန်း ၁၄၀) တန်ဖိုးရှိကြောင်း ထိုင်းရော်ဘာအာဏာပိုင်အဖွဲ့က နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

စိုက်ပျိုးမြေ ဧက ၄ ဒသမ၁ သန်း (ဟက်တာ ၆၅၆,၀၀၀) ရေလွှမ်းမိုးခံခဲ့ရပြီး တောင်သူ ၁၆၀,၀၀၀ ကျော် ထိခိုက်ခဲ့ကြောင်း ဥက္ကဋ္ဌ Perk Lertwangpong က Reuters သို့ ပြောကြားခဲ့သည်။

ခန့်မှန်းခြေအားဖြင့် ရော်ဘာတန်ချိန် ၄၀,၀၀၀ ခန့်ကို ပြည်နယ်ကိုးခုတွင် ဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း မစ္စတာ Perk က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများကျဆင်းပြီး ထုတ်လုပ်မှုပြန်စနိုင်တဲ့အချိန်တွင် ဆုံးရှုံးမှုပမာဏသည်နှစ်ဆအထိဖြစ်နိုင်ပြီး တန် ၉၀,၀၀၀ အထိ ရောက်ရှိနိုင်သည်။ စက်တင်ဘာလလယ်မှ ဇန်နဝါရီလ လယ်အထိကာလသည် ကမ္ဘာ့သဘာဝရော်ဘာ ထုတ်လုပ်မှုအတွက် အကောင်းဆုံးရာသီဖြစ်သည်။ ကနဦးခန့်မှန်းချက်များအရ ထိုင်းနိုင်ငံသည် ၂၀၂၄-၂၀၂၅ ရာသီတွင် တန်ချိန် ၄ ဒသမ၈ သန်းခန့် ထုတ်လုပ်ခဲ့သည်။

ယခုအချိန်အထိ ရေဘေးကြောင့် စီးပွားရေးထိခိုက်မှုစုစုပေါင်းမှာ ဘတ်ငွေ ၂၅ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း Kasikorn Research Center ၏ အုပ်ချုပ်မှုဒါရိုက်တာ Burin Adulwattana က ပြောကြားသည်။

စက်ရုံများ ဆက်လက်လည်ပတ်နိုင်ခြင်းမရှိဘဲ ငွေကြေးလည်ပတ်မှုမရှိပါက ထိခိုက်မှုသည် ပိုမိုကြီးမားနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဘက်စုံရော်ဘာထုတ်လုပ်သူ Sri Trang Agro-Industry က ရေလွှမ်းမိုးခံရသော ၎င်း၏ ထုတ်လုပ်မှုစက်ရုံများ ထိခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဓိကအားဖြင့် ရော်ဘာလက်အိတ်ထုတ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများအလုပ်သို့မလာနိုင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ရာ နေရာအချို့သို့ ရေများလျှံဝင်လာခြင်းကြောင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းထားရကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် အိမ်နီးချင်း မလေးရှားနိုင်ငံတို့ ရေလွှမ်းမိုးခံရပြီးနောက် ထိုင်းရော်ဘာထွက်ရှိမှုသည် ၃ ရာခိုင်နှုန်းကျဆင်းကာ တန်ချိန် ၅ သန်းသို့ ရောက်ရှိခဲ့ပြီး ရော်ဘာအာဏာပိုင်အဖွဲ့အစည်း၏ အဆိုအရ တန်ချိန် ၃ ဒသမ ၈၆ သန်း တင်ပို့ခဲ့ကြောင်း သိရသည်။

**Source : Bangkok post**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE(29.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Dec. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,975 (Shares) | 12,246,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,500 | 138 | 1,176,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 210 | 777,000 | 38,929,150 | 144,038 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 96 | 758,400 | 10,400,986 | 82,168 |
| FPB | 00004 | 2,400 | -50 | -2.04% | 2,450 | 2,450 | 2,300 | 467 | 1,096,250 | 29,664,613 | 71,195 |
| TMH | 00005 | 3,800 | +200 | +5.56% | 3,600 | 3,800 | 3,100 | 302 | 937,400 | 12,823,224 | 48,728 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 964 | 1,549,150 | 19,977,223 | 31,964 |
| AMATA | 00007 | 4,400 | +500 | +12.82% | 4,000 | 4,400 | 4,000 | 311 | 1,342,000 | 10,497,598 | 46,189 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,487 | 4,609,700 | 23,804,946 | 73,795 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 29th Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.03 | +4.58 | +1.12% | 411.67 | 415.03 | 406.29 | 3,975 | 12,246,700 | 8 | 782,820 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 7,882 (Shares) | 110,027,200 (MMK) |

## Main Board

As of 1:00 pm, 29th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,975 (Shares) | 12,246,700 (MMK) |

| MYANPIX | 415.03 ▲ 4.58 |
|---|---|
| Total Volume (shares) | 3,975 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 782,820 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,400 | ▼ 50 |
| TMH | 00005 | 3,800 | ▲ 200 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,400 | ▲ 500 |
| MAEX | 00008 | 3,100 | ▲ 0 |